# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
# အလုပ်လျှောက်လွှာခေါ်ယူခြင်း
# ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
# (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးချုပ်) ရန်ကုန်တွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

**(က) ဦးစီးအရာရှိ - လစာနှုန်းကျပ် (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) (၅) နေရာ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(၂) ၃၀-၉-၂၀၂၃ ရက်နေ့တွင် အသက် (၃၅) နှစ်ထက် မကျော်သူ ဖြစ်ရမည်၊

(၃) နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းဖြစ်ပါက လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်၊ ပြင်ပမှလာရောက်လျှောက်ထားသူဖြစ်ပါက လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်၊

(၄) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ မဟာဘွဲ့နှင့် အထက်ရရှိသူများ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောကျွမ်းကျင်သူများကို ဦးစားပေးမည်၊

(၅) ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း အောင်မြင်ပါက စိတ်ပညာဆန်းစစ်မှုကို ခံယူရမည်ဖြစ်ပြီး အောင်မြင်သူကိုသာ ရွေးချယ်ခန့်ထားမည်ဖြစ်သည်၊

(၆) ရွေးချယ်ခံရပါက ကော်မရှင်ကစေလွှတ်မည့် သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့်အနည်းဆုံး (၃) နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

**(ခ) အငယ်တန်းစာရေး - လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၀) နေရာ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(၂) ၃၀-၉-၂၀၂၃ ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်သူ ဖြစ်ရမည်၊

(၃) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊

(၄) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူကို ဦးစားပေးမည်၊

(၅) ရွေးချယ်ခံရပါက ကော်မရှင်ကစေလွှတ်မည့်သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့်အနည်းဆုံး (၂) နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၂။ အထက်ပါ ရာထူးနေရာများသို့ လျှောက်ထားလိုသူ နိုင်ငံ့ဝန်ထမ်းများသည်-

(က) နိုင်ငံ့ဝန်ထမ်းများလျှောက်ထားရာတွင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုထောက်ခံချက်ဖြင့်လျှောက်ထားကြရမည်။

(ခ) ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီးမှသာ ခန့်ထားမည်ဖြစ်သည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae (CV) Form) နှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူမှန်၊

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆) လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်၊

(စ) တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအထောက်အထားမိတ္တူများ၊

(ဇ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၄။ အပိုဒ် ၁ (က) ပါ ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပြီး အပိုဒ် ၁ (ခ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်အား သီးခြားအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများ တင်ပြရမည်။

၆။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ် ထံ လိပ်မူ၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (ရုံးချုပ်)၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ (၃၀-၉-၂၀၂၃) ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ mnhrc.org.mm မှတစ်ဆင့်လည်း လျှောက်ထားနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် စာရွက်စာတမ်း မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် - ၀၁- ၆၅၄၆၈၁ မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၃၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး